ကာလိ၊ ကွန်ဟိန်းဒေသခံလူများထံမှ SMEC သို့ အိတ်ဖွင့်ပေးစာ

စက်တင်ဘာလ ၉ ရက် ၂၀၁၅ ခုနှစ်

**သို့ - ဩစတြေးလျ ကုမ္ပဏီ စနိုးဝီးမောင်းတိန်း အင်ဂျင်နီယာကော်ပိုရေးရှင်း (SMEC)**

ယခုဖြစ်ပေါ်နေသော အခြေနေကို ကျွန်ုပ်တို့ ကာလိ၊ ကွန်ဟိန်းမှပြည်သူလူထုများမှ သိစေလိုသည်မှာ မြန်မာ စစ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ငြိမ်းချမ်းရေးအတွက် အပစ်ခတ်ရပ်စဲသဘောတူစာချုပ် လက်မှတ်ရေးထိုးရန် ဆွေးနွေးနေစဉ်မှာပင် တိုင်းရင်းသားနယ်မြေများဖြစ်သော ရှမ်းပြည်နယ်နှင့် ကချင်ပြည် နယ်တို့တွင် မကြာခဏဆိုသလို ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွါးနေပါသည်။ထို့ကြောင့် မြန်မာစစ်တပ်များသည် ကျွန်ုပ်တို့ ကွန်ဟိန်းဘက်တွင် စစ်အင်အား ပိုမိုဖြန့်ကျက် ဖြည့်တင်းထားပါသည်။

အဓိကစစ်မြေပြင်ဖြစ်သော ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တို့တွင် အပြစ်မဲ့ ဒေသခံပြည်သူလူထုတို့၏ ဘဝများစွာ မှာ အသက်ကိုဖက်နှင့်ထုပ်ထားနေရသည့်ဘဝတွင်ကြုံနေရပါသည်။

ဌာနေတိုင်းရင်းသားများမှာဆယ်စုနှစ်ကတည်းက တန်းတူအခွင့်အရေးနှင့်တရားမျှတမှုတို့ကို မရရှိပဲ ယမ်းငွေ့များကြား ရှန်းကန်နေထိုင်နေရသည်မှာယနေ့တိုင်ဖြစ်ပါသည်။စစ်မြေပြင်မှဒေသခံလူထုဘဝမှာ ထိခိုက်သေဆုံးမှုများ ခံခဲ့ရပါသည်။

ထို့အတွက် ယခုလတ်တလော ခိုင်မာသောနိုင်ငံရေးအာမခံချက် မရရှိသေးသည့်ကာလအတွင်း သံလွင်မြစ် ပေါ်တွင် အကောင်အထည်ဖော်မည့် မည်သည့် စီမံကိန်းကိုမဆိုရပ်တန့်ထားရန်တောင်းဆိုလိုပါသည်။

သဘာဝသယံဇာတ ပေါကြွယ်ဝသောနယ်နိမိတ်တို့တွင် ပြည်ပ ရင်းနှီး မြှုပ်နှံစီမံကိန်းသည် မိမိတို့အတွက် သာ ရေးရှုပြီး စစ်အာဏာရှင်နှင့် အစိုးရတို့၏ အာဏာကိုအသုံးပြုကာ ဒေသခံတိုင်းသူပြည်သားတို့၏ သဘောထား ကို ရယူခြင်းမရှိဘဲ လုပ်ဆောင်နေသည့်အပေါ် တိုင်းသူပြည်သားတို့မှာ စိုးရိမ်ပူပန်နေရသည်။

ထိုအချက်ကိုအခြေခံ၍ ရေကာတာတည်ဆောက်ရေးနှင့် ကုမ္ပဏီစီမံကိန်းတို့အတွက် မြန်မာ့တပ်မတော်သည် နယ်မြေလုံခြုံရေးအကြောင်းပြကာ စစ်အင်အားတိုးဖြည့် နေပါသည်။

ဤကိစ္စသည် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား နိုင်ငံရေး အာမခံချက် တည် ဆောက် မှုမရှိသေးသဖြင့် စစ်ပွဲကိုပိုမိုဖြစ်ပေါ်စေသည်။

ကျားဖြူပါတီ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းဝါနက - ရေကာတာတည်ဆောက်ရန် ဒေသခံ ပြည်သူ လူထုက သဘောမတူ၊ တည်ဆောက်ခွင့်မပြု သဖြင့် ရေကာတာ တည်ဆောက်ရေး စီမံကိန်းအားလုံး ရပ်ဆိုင်း သင့်သည် ဟုပြောဆိုသည်။

သူမက - **ရေကာတာတည်ဆောက်ရေးစီမံကိန်းကို ပြည်သူလူထုက ခွင့်မပြုပါဘူး။ ရှမ်းပြည်နယ်ထဲက ရှမ်းလူ မှု အဖွဲ့အစည်းတွေရော၊ ရှမ်းနိုင်ငံရေးပါတီတွေကပါ လက်မခံပါဘူး။ ဒါကြောင့် ရေကာတာ တည်ဆောက်ရေးနဲ့ ပတ်သတ်တာတွေအားလုံးလည်း ရပ်သင့်ပါပြီ** - ဟုဆိုပါသည်။

အကယ်၍သံလွင်မြစ်ပေါ်က (မိုင်းတုံ)ရေကာတာ တည်ဆောက်မည်ဆိုပါက ရရှိမည့် ဆိုးကျိုးများမှာ ဒေသခံ လူထု ခိုလှုံနေထိုင်သောမြို့နယ်၊ ကျေးလက်တောရွာများ သဘာဝပတ်ဝန်းကျင်များ သမိုင်းဝင်အမွေအနှစ် စေတီပုထိုးများမှာ ပျက်စီးဆုံးရှုံးပျောက်ကွယ်သွားမည်ဖြစ်သည်။ ၎င်းစီမံကိန်းကြောင့် ထောင်သောင်းပေါင်းများ

စွာသော ဒေသခံပြည်သူလူထုတို့မှာ နေရပ်မှ စွန့်ခွါရွှေ့ပြောင်းရမည်ဖြစ်သည်။ အဆိုပါဖြစ်စဉ်များအပေါ် အစိုးရကိုယ်တိုင်အပါအဝင် မည်သည့်အဖွဲ့မှတာဝန်ယူပေးခြင်းမရှိပေ။

ထို့ကြောင့်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော် အစိုးရဝန်ကြီးဌာန၊ လုပ်ငန်းရှင်ကုမ္ပဏီကြီးများအသီးသီးမှ သွယ်ဝိုက်သောနည်းလမ်းဖြင့် သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ခြိမ်းခြောက်ခြင်း၊ စည်းရုံးခြင်း၊ ငွေကြေးမတည်ထောက်ပံ့ခြင်း (သို့မဟုတ်) လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ခြင်းစသည့်ဆောင်ရွက်ချက်များအား ကွန်ဟိန်း၊ ကာလိမှဒေသခံပြည်သူလူထု အပါအဝင် ရှမ်းလူငယ်များအသင်းနှင့် SNDP ကျားဖြူပါတီ လွှတ်တော်ကိုယ်စားလှယ် နန်းဝါနု တို့မှ အပြင်း အထန်ကန့်ကွက်ရှုံ့ချသွားမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မိုင်းတုံရေကာတာတည်ဆောက်မှုစီမံကိန်းကို လက်မခံသဖြင့် စီမံကိန်းနှင့်ပတ် သက်သည့် တည်ဆောက်မှုမှန်သမျှကို အပြင်းအထန်ကန့်ကွက်သည်။ ကျွန်ုပ်တို့ဒေသခံလူထု၏ စိုးရိမ်ပူပန်မှု များကို ကုမ္ပဏီမှ ထည့်သွင်းစဉ်းစားပေးမည်ဟုယုံကြည်ကာ EIA/SIA အဆင့်ဆင့် ဆောင်ရွက်နေမှုအပြင် ရေကာတာတည်ဆောက်မှုအားလုံးကိုပါ ရပ်ဆိုင်းပေးမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ခင်မင်လေးစားစွာဖြင့်

ကာလိ-ကွန်ဟိန်းဒေသခံပြည်သူလူထုများ

ဆက်သွယ်ရန်

နန်းဝါနု (+၉၅) ၀၉၅၂၂၈၄၆၈

လုံးထွန်းကြည် (+၉၅) ၀၉၄၉၃၆၆၈၃၆

လုံးစောပိန်န (+၉၅) ၀၉၄၂၈၃၆၇၇၈၉

နန်းခမ်းခေါင် (+၉၅) ၀၉၂၅၀၃၄၂၈၈၀

နန်းခမ်းနွံ (+၉၅) ၀၉၂၅၀၈၄၄၅၃၇

စိုင်းသီဟ (+၉၅) ၀၉၄၂၈၃၆၇၉၅၆

နန်းခမ်းနောင့် (+၉၅) ၀၉၄၂၈၃၆၇၈၄၉

နန်းခမ်းမိုင် (+၉၅) ၀၉၂၆၀၁၈၅၀၀၁